# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 28 , 2022 Volume 51, Number 20


၂၈.၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၀၉ US$ |
| မြန်မာ့ရွှေဈေး | = ၁၉၃၄၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၀၀ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၈၆.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၀၈.၆ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၇၄.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၇၉.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၁.၈၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၅၄၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၇၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၃.၄၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၄.၄၄၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာလကုန်အထိ မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍကိုးခုမှ လုပ်ငန်း ၂၇ ခု အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၃၅၅၂ သန်းကျော် ခွင့်ပြု

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် နိုဝင်ဘာလကုန်အထိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ ကိုးခုမှ လုပ်ငန်း ၂၇ ခုအတွက် ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၃၅၅၂ သန်းကျော် ခွင့်ပြုပေးခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါကာလအတွင်း ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမှုအနေဖြင့် လျှပ်စစ်ကဏ္ဍတွင် ဒေါ်လာ ၃၀၄၄ ဒသမ ၇၆၂ သန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကဏ္ဍတွင် ဒေါ်လာ ၁၇၉ ဒသမ ၁ သန်း၊ စက်မှုကဏ္ဍတွင် ဒေါ်လာ ၁၆၂ ဒသမ ၄၈၃ သန်း၊ ဆောက်လုပ်ရေးကဏ္ဍတွင် ဒေါ်လာ ၆၅ သန်း၊ အခြားဝန်ဆောင်မှုကဏ္ဍတွင် ဒေါ်လာ ၃၇ ဒသမ ၂၂၉ သန်း၊ ဟိုတယ် နှင့် ခရီးသွားကဏ္ဍတွင် ဒေါ်လာ သန်း ၃၀၊ စက်မှုဇုန်တည်ဆောက်မှု ကဏ္ဍတွင် ဒေါ်လာ ၂၂ ဒသမ ၄ သန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍတွင် ဒေါ်လာ ၆ ဒသမ ၃၇၉ သန်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ဒေါ် လာ ၅ ဒသမ ၀၄၃ သန်းဖြင့် စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၃၅၅၂ ဒသမ ၃၉၆ သန်း ခွင့်ပြုပေးခဲ့သည်။

လျှပ်စစ်ယာဉ်များ ထုတ်လုပ်သည့်လုပ်ငန်း၊ ဆေးဝါးနှင့်ကျန်းမာရေးဆိုင်ရာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားရှစ်မျိုးကို ဦးစားပေး ဆောင်ရွက်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက် နိုင်ရန်အတွက် အောက်ပါရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများကို အဆိုပြုလွှာတင်ပြ လာပါက ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သဖြင့် လုပ်ငန်းရှင်များအနေဖြင့် အဆိုပြု လွှာများ တင်ပြကြရန် ဖိတ်ခေါ်ထားသည်။

ယင်းလုပ်ငန်းများမှာ (က) ဓာတ်မြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (ခ) ဘိလပ် မြေထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (ဂ)သံမဏိထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (ဃ)စိုက်ပျိုးရေး လုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း၊ အဆိုပါလုပ်ငန်းများနှင့်ဆက်စပ်သည့်လုပ်ငန်းများ၊ (င) တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (စ) လျှပ်စစ်ယာဉ်များ ထုတ် လုပ်သည့်လုပ်ငန်းများ၊(ဆ) ဆေးဝါးနှင့်ကျန်းမာရေးဆိုင်ရာ ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း များ၊ (ဇ) အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဖြစ်ကြောင်း သိရသည်။

အထက်ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကဏ္ဍများတွင် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အဆိုပြုလွှာတင်ပြလာပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဟု သိရသည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ အမှတ် (၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၁-၆၅၈၁၃၂၊ ၀၉၂၀၁၃၈၂၁ email: dica@mptmail.net.mm နှင့် dica.ip.mm@gmail.com တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအနေဖြင့် လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၃၁၂၁ သန်းကျော်ဖြင့် အများဆုံးဖြစ်ပြီး စက်မှုကဏ္ဍတွင် ဒေါ်လာ ၂၈၆ သန်းကျော်ဖြင့် ဒုတိယအများဆုံးဖြစ်ကာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် ဒေါ်လာ ၁၃၃ သန်းကျော်ဖြင့် တတိယအများဆုံးဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**Source:** https://news-eleven.com/article/226529

## မတ်ပဲနှင့်ပဲစင်းငုံဈေး ပြန်လည်မြင့်တက်ကာ မြေပဲ ၊ နှမ်းနှင့်ပဲမာလိုင်းများ အမြင့်ဈေးဖြင့်အဝယ်သွက်နေ



မြန်မာတောင်သူကြီးများဂျာနယ်

အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှုဆိုင်ရာ မူဝါဒအပြောင်းအလဲများရှိခဲ့သော်လည်း ပို့ကုန်အုပ်စုဖြစ်သည့် မတ်ပဲနှင့်ပဲစင်းငုံနှစ်မျိုးမှာ ယခုရက်သတ္တပတ်အတွင်း ဈေးပြန်လည်ကောင်းမွန်လာပြီး မြေပဲ၊ နှမ်းနှင့် ပဲမာလိုင်းများမှာလည်း အမြင့်ဈေးဖြင့် အဝယ်သွက်နေကြောင်း ပဲ ၊နှမ်းကုန်သည်များထံက သိရသည်။

မတ်ပဲနှင့် ပဲစင်းငုံဈေးကွက်မှာ ယခုသီတင်းပတ်တွင် ဈေးပြန်လည်မြင့်တက်လာပြီး ပြည်တွင်းသုံးပဲမာလိုင်းများမှာမူ ဈေးမြင့်တက်မှုမရှိသော်လည်း အရောင်းအဝယ် သွက်နေသည်ဟု မန္တလေးတိုင်းဒေသကြီး၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။ "မတ်ပဲဈေးပြန်မြင့်တက် လာတယ်။ ပဲစင်းငုံဈေးလည်းပြန်ကောင်းလာတယ်။ ပဲမာလိုင်းတွေကတော့ မထူးဘူး။ အမြင့်ဈေးနဲ့ငြိမ်နေတယ်။ ဈေးကျဆင်းနေတဲ့ပို့ကုန်ပဲတွေ ဈေးအမြင့်နဲ့ငြိမ်နေတယ်။ ဝယ်လိုအားလည်းကောင်းနေတယ်။ နှမ်းနက်ကတော့ ငြိမ်နေတယ်။ မြေပဲဈေးလည်း ဈေးနှုန်းအပြောင်းအလဲမရှိ ဆက်ငြိမ်နေပြီး အရောင်းအဝယ်သွက်နေတယ်။ ပြည်တွင်းသုံး ကုလားပဲဈေးတွေ အပြောင်းအလဲနည်းပြီ အရောင်းအဝယ်ကတော့ ခပ်သွက်သွက်ဖြစ်နေပါတယ်။ တရုတ်နိုင်ငံဘက်ကလည်း ကုန်သွယ်မှုပြန်ကောင်းလာပါပြီ "ဟု ၎င်းကပြောသည်။

**ပဲစင်းငုံ၊ မတ်ပဲ ၊ ပဲတီစိမ်း**

မတ်ပဲနှင့်ပဲစင်းငုံမှာ ဈေးပြန်ကောင်းလာပြီး ပဲတီစိမ်းအရောင်းအဝယ်မှာမူ ရန်ကုန်ဈေးကွက်တွင်သာဖြစ်နေသည်။ ဖေဖော်ဝါရီ ၂၃ ရက်က မတ်ပဲသုံးတင်းဝင်တစ်အိတ် အရည်အသွေးအလိုက် ကျပ် ၁၂၃,၀၀၀၊ ပဲစင်းငုံ ပိဿာ ၆၀ ဝင်တစ်အိတ် ကျပ် ၁၂၇,၀၀၀ အမြင့်ဈေးဖြင့် တည်ငြိမ်နေသည်။

**မြေပဲ၊ နှမ်းနက်**

ပြည်တွင်းစားအုန်းဆီ တဖြေးဖြေးမြင့်တက်လာခြင်းနှင့်အတူ မြေပဲဆန်ဈေးကွက်မှာ ဖေဖော်ဝါရီလဆန်းပိုင်းရက်များကတည်းက ဈေးမြင့်တက်လာရာ ယနေ့ဖေဖော်ဝါရီလ ၂၃ ရက်အထိ ဈေးကောင်းကာ အဝယ်အသွက်ဆုံးဖြစ်နေသည်။ မြေပဲဆန်အမျိုးအစားအလိုက် တစ်ပိဿာ ကျပ် ၅၀-၇၅ ကျပ် ဈေးမြင့်တက်လာသည်။ နှမ်းနက်မှာမူ သုံးတင်းတစ်အိတ် ကျပ် ၂၁၀,၀၀၀ ဖြင့် ယခင်အတိုင်း ဈေးကျဆင်းမှုမရှိပဲ အဝယ်လည်း ပြန်လည်ကောင်းနေကြောင်းသိရသည်။ ဖေဖော်ဝါရီ ၂၃ ရက်တွင် နှမ်းနက် (အလတ်စ) သုံးတင်းဝင်တစ်အိတ် ကျပ် ၁၈၀,၀၀၀-၁၉၅,၀၀၀-၂၁၀,၀၀၀ ဈေးရှိနေသည်။ နှမ်းဖြူသစ်ရိုးရိုးမှာ တစ်အိတ်လျှင် ကျပ် ၁၇၀,၀၀၀ ၊ နှမ်းညိုသစ်မှာ ကျပ် ၁၃၇,၀၀၀ အသီးသီးပေါက်ဈေးရှိသည်။ မြေပဲလုံးဆန်မှာမူ တစ်ပိဿာ ကျပ် ၃၃၇၅ ၊ အနီလုံးဆန်တစ်ပိဿာ ကျပ် ၂၉၅၀ ၊ ပြန့်လုံးဆန်၊ ပြန့်ဆီဆန်တစ်ပိဿာ ကျပ် ၃၁၅၀ ဈေးထိ ဖြစ်လာသည်။

အသစ်ဝင်ရောက်လာသည့် စွန်တာပြာတစ်အိတ် ကျပ် ၁၁၆,၀၀၀ ၊ ပဲဇီးကွက် တစ်အိတ်ကျပ် ၁၂၃,၀၀၀၊ နိုင်လွန်ပဲ-ပုဂံပဲ တစ်အိတ်ကျပ် ၁၄၅,၀၀၀၊ ဘိုကိတ်ပဲတစ်အိတ် ကျပ် ၁၄၃,၀၀၀၊ ပဲထောပတ်ရှယ်သစ် တစ်အိတ် ကျပ် ၁၄၀,၀၀၀၊ မြေထောက်ပဲ တစ်အိတ်ကျပ် ၁၄၃,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်ကျပ် ၂၀၀,၀၀၀၊ ပြည်တွင်းသုံး ကုလားပဲဖွီးတူး ကုလားပဲ တစ်အိတ် (၅၇ ဒသမ ၂၅ ပိဿာ) ကျပ် ၁၁၄,၀၀၀ ပေါက်ဈေးရှိရာ ယခင်သီတင်းပတ်ထက် ပဲမာလိုင်းများ အမြင့်ဈေးနှင့်ဈေးငြိမ်လျက်ရှိသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

## သိန်း ၁၀၀ ကျော်တန် လျှပ်စစ်ကားတွေ ဈေးကွက်အတွင်း စတင်ရောင်းချ




သတင်းရင်းမြစ် – ကြေးမုံ

လူ ၅ ဦး စီးနင်းနိုင်ကာ မြို့တွင်းနှင့် ခရီးဝေးနှစ်မျိုးစလုံးအတွက် ၂၀၁၉ မော်ဒယ်လ် KSD အမှတ်တံဆိပ် ဘက်ထရီစွမ်းအင်သုံး လျှပ်စစ်ကားများကို ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် သာဓုကန်စက်မှုဇုန်ရှိ ခိုင်ခိုင်ဆန်းဒါးအုပ်စု လီမိတက်မှ ဈေးကွက်အတွင်းသို့ စတင်ဖြန့်ဖြူးရောင်းချလိုက်ကြောင်း သိရှိရပါသည်။ လက်ရှိတွင် မော်ဒယ်နှစ်မျိုးထုတ်လုပ်ထားသည်။ KSDV1–NE1 မော်ဒယ်မှာ မြို့တွင်းသွားလာရန်ရည်ရွယ်ပြီး ခရီးဝေးသွားလာမည့်သူများအတွက် KSDV1–NE2 မော်ဒယ်ကို ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်သည်။

ကားများတွင် လီသီယမ် ဘက်ထရီအမျိုးအစားတပ်ဆင်ထားပြီး အာမခံ ၅ နှစ်ပေးထားသည်။ NE1 မော်ဒယ်မှာ ဘက်ထရီ အားသွင်းချိန် ၈ နာရီကြာမြင့်ပြီး ခရီးအကွာအဝေး ကီလိုမီတာ ၁၈၀ မှ ၂၀၀ ကြား မောင်းနှင်နိုင်မည်ဖြစ်သည်။ တစ်နာရီလျှင် ကီလိုမီတာ ၆၀ နှုန်းထိ မောင်းနှင်နိုင်ပြီး ၂၀၀ စီစီ အရေးပေါ်အားသွင်း မီးစက်ပါဝင်သည်။ ကား၏အရောင်ကို အဖြူရောင် တစ်မျိုးတည်း ထုတ်လုပ်ထားပြီး စက်ရုံဈေး ၁၀၃ သိန်းဖြင့် ဝယ်ယူနိုင်မည်ဖြစ်သည်။ ခရီးဝေးသွားလာနိုင်သည့် NE2 မော်ဒယ် အနေနဲ့ ဘက်ထရီအားသွင်းချိန် ၅ နာရီကြာမြင့်ပြီး ကီလိုမီတာ ၁၀၀ ထိ မောင်းနှင်နိုင်ကာ ဘက်ထရီကို ၇၆၆ စီစီအားသွင်း မီးစက်ဖြင့်အားဖြည့်ပြီး ဆက်လက်မောင်းနှင်နိုင်သည်။ အမြန်နှုန်းတစ်နာရီလျှင် ၈၀ ကီလိုမီတာဖြင့် မောင်းနှင်နိုင်သည်။

ကား၏အရောင်မှာ တစ်စီးလုံးအဖြူရောင်ဖြစ်သော်လည်း အရှေ့ပိုင်းမှာ အနက်ရောင်ဖြစ်ပြီး စက်ရုံဈေး ၁၁၆ သိန်းဖြင့် ရောင်းချလျှက်ရှိပြီး ပြင်ပတွင် လက်ရှိပေါက်ဈေး သိန်း ၂၀၀ ထိရှိနေကြောင်း သိရသည်။ မော်တော်ယာဉ်အမျိုးအစား နှစ်ခုစလုံးတွင် တပ်ဆင်ထားသော ဘက်ထရီများကို အိမ်သုံးလျှပ်စစ်မီးဖြင့် လွယ်ကူစွာအားသွင်းနိုင်ကြောင်းသိရသည်။ အဆိုပါကားများကို မြန်မာ–တရုတ် ချစ်ကြည်ရေးအတွက် တရုတ်အစိုးရမှ ကူညီထောက်ပံ့ပေးထားခြင်းဖြစ်ကြောင်း ကုမ္ပဏီ၏မန်နေးဂျင်း ဒါရိုက်တာ မစ္စတာ ယူဂျင်ချန်းက ပြောကြားခဲ့သည်။ ခိုင်ခိုင်ဆန်းဒါးကုမ္ပဏီအနေနဲ့ နောက်ပိုင်းတွင် တစ်လလျှင်ယာဉ်အစီးရေ ၅၀၀ ထိ ထုတ်လုပ်သွားရန်ရည်ရွယ်ထားပြီး ဆလွန်းအမျိုးအစားကားများကိုလည်း ထပ်မံထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Source: ကြေးမုံ**

## ဆန်၊ စပါးတွေ အားလုံးဈေးတက်ပြီး ပဲအများစုလည်း ဈေးတက်တဲ့ရက်သတ္တပတ်

အခုတစ်ပတ်အတွင်းမှာတော့ ဆန်ချောတွေကော ဆန်ကြမ်းတွေပါ ဈေးတက်လာပြီး ပဲအများစုလည်း ဈေးတက်လာတာ တွေ့ရပါတယ်။ ဆက်လက်ဈေးတက်ဦးမယ့် အလားအလာတွေလည်းရှိတယ်လို့ သိရပါတယ်။

**ဆန်၊ စပါး**

ဆန်စပါးကတော့ ပြီးခဲ့တဲ့အပတ်ကတည်းက ဈေးတက်နေခဲ့ပါတယ်။ ပြည်တွင်းဝယ်ယူမှု များပြားတဲ့အပြင် မိုးစပါး လျော့နည်းလာတဲ့အတွက်ကြောင့် ဈေးတက်နေတယ်လို့သိရပါတယ်။ ရန်ကုန်ဈေးကွက်မှာတော့ ဆန်ကောင်းမှ ဈေးကောင်းရတဲ့ အခြေအနေဖြစ်ပါတယ်။ ရောဝတီတိုင်းမှာလည်း ရန်ကုန်ဝယ်လက်များရှိနေပြီး စပါးလက်ကျန်မရှိတော့ဘူးလို့ သိရပါတယ်။

ဆန်/စပါး ဈေးအားလုံးတက်ပြီး ပဲအများစုလည်း ဈေးတက်တဲ့ ရက်သတ္တပတ် (၂၁-၂-၂၀၂၂ - ၂၅-၂-၂၀၂၂)

| သီးနှံအမျိုးအစား | ဈေးကွက် | ဈေးနှုန်း(ကျပ်)(၂၅-၂-၂၀၂၂ ) | ယခင်အပတ်နှင့်နှိုင်းယှဉ်မှု(ကျပ်) | သုံးသပ်ချက် |
|---|---|---|---|---|
| ဆန်ချော | ရန်ကုန်(ဝါးတန်းဈေးကွက်) (တစ်အိတ်) | ဖျာပုံပေါ်ဆန်းမွှေး(၃၈၀၀၀ - ၄၀၀၀၀) | ၁၀၀၀ ဈေးတက် | ဆန်စပါးက ပြီးခဲ့တဲ့အပတ်ကတည်းက ဈေးတက်နေခဲ့ပြီး ပြည်တွင်း ဝယ်ယူမှု များတဲ့အပြင် မိုးစပါးလျော့နည်းလာလို့ ဈေးတက်နေတာလို့ သိရ |
| | | ဒေးဒရဲပေါ်ဆန်းမွှေး(၃၉၀၀၀ - ၄၀၀၀၀) | ၂၀၀၀ ဈေးတက် | |
| | | ရွှေဘိုပေါ်ဆန်း(၄၁၀၀၀ - ၄၃၀၀၀) | ၂၀၀၀ ဈေးတက် | |
| | | ပေါ်ဆန်းနယ်စုံ(၃၈၀၀၀ - ၃၉၅၀၀) | ၁၅၀၀ ဈေးတက် | |
| ဆန်ကြမ်း | ရန်ကုန်(ဝါးတန်းဈေးကွက်) (တစ်အိတ်) | ဧည့်မထ (၂၅၅၀၀-၂၆၅၀၀) | ၁၀၀၀ ဈေးတက် | |
| | | ငစိန် (၂၅၀၀၀-၂၆၀၀၀) | ၁၀၀၀ ဈေးတက် | |
| | | မြီးဒုံး (၂၈၀၀၀-၃၂၀၀၀) | ၃၀၀၀ ဈေးတက် | |
| စပါး | ရွှေဝတီ (တင်းတစ်ရာ) | ပုသိမ်ပေါ်ဆန်း (၉၂၀၀၀၀) | ဈေးငြိမ် | ရွှေဝတီတိုင်းမှာလည်း ရန်ကုန်ဝယ်လက်များရှိနေပြီး စပါးလက်ကျန်မရှိတော့ဘူးလို့ သိရ။ |
| | | ပုသိမ်ဧည့်မထ (၆၅၃၀၀၀) | ၃၇၀၀၀ ဈေးတက် | |
| | | ရွှေဘိုပုသိမ်ပေါ်ဆန်း (၉၂၀၀၀၀) | ၃၅၀၀၀ ဈေးတက် | |
| | | ရွှေဘိုဧည့်မထ (၆၈၀၀၀၀) | ၆၄၀၀၀ ဈေးတက် | |
| မတ်ပဲ | ရန်ကုန် (တစ်တန်) | FAQ/RC (၁၂၈၇၅၀၀) | ဈေးငြိမ် | မတ်ပဲဈေးက ဆက်တက်နိုင် မတက်နိုင်က ခန့်မှန်းဖို့ ခဲယဉ်းနေပြီး အိန္ဒိယနိုင်ငံရဲ့ ဝယ်လိုအား၊ ပြည်တွင်း ငွေကြေးဈေးနှုန်းတွေက အများကြီးသက်ရောက်မှု ရှိနိုင်တယ်လို့ ခန့်မှန်း |
| | မန္တလေး (ပိဿာ ၆၀ တစ်အိတ်) | ၁၂၁၀၀၀ - ၁၂၂၀၀၀ | ဈေးငြိမ် | |
| | အောင်လံ (တစ်တင်း) | ၄၁၀၀၀ | ၁၀၀၀ ဈေးတက် | |
| | ပြည် (တစ်တင်း) | ၄၂၀၀၀ - ၄၂၂၀၀ | ၅၀၀ ဈေးတက် | |
| ပဲစင်းငုံနီ | ရန်ကုန် (တစ်တန်) | ၁၃၅၂၅၀၀ | ၂၅၀၀၀ ကျော်ဈေးတက် | အိန္ဒိယလိုအပ်ချက်နဲ့ ငွေလဲနှုန်း ပြန်မြင့်လာလို့ ဈေးပြန်ကောင်း လာတာဖြစ်ပြီး ဆက်တက်နိုင်ခြေရှိ၊ အိန္ဒိယမှာအထွက်နှုန်း လျော့နည်းတယ်လို့ ထုတ်ပြန်ထားလို့ လာမယ့်ကာလအနည်းငယ်အတွင်း အမြင့်ဈေး ပြန်ရောက်နိုင်မယ်လို့လည်းယူဆထား။ |
| | မန္တလေး (ပိဿာ ၆၀ တစ်အိတ်) | ၁၂၆၀၀၀ - ၁၂၇၀၀၀ | ၄၀၀၀ ဈေးတက် | |
| | ပခုက္ကူ (တစ်တင်း) | ၄၂၂၀၀ | ၁၀၀၀ ဈေးတက် | |
| | ပြည် (တစ်တင်း) | ၄၂၀၀၀ - ၄၂၂၀၀ | ၅၀၀ ဈေးတက် | |
| | အောင်လံ(တစ်တင်း) | ၄၂၅၀၀ | ၁၃၀၀ ဈေးတက် | |
| ကုလားပဲ | ရန်ကုန် (၁ ပိဿာ) | ကုလားပဲလုံးဖြူ (၂၀၀၀ - ၂၀၅၀) | ဈေးငြိမ် | ပြည်တွင်း ဝယ်ယူစားသုံးမှုများလို့ ဈေးတက်နေတယ်လို့ သိရပြီး အိန္ဒိယနိုင်ငံအပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကပါ ဝယ်ယူမှုတွေရှိနေတယ်လို့သိရ |
| | | ကုလားပဲလုံးဖြူကြီး (၂၀၅၀ -၂၀၈၅) | ဈေးငြိမ် | |
| | မန္တလေး (ပိဿာ ၆၀ တစ်အိတ်) | V2 အသစ် (၁၁၄၀၀၀) | ၁၀၀၀ ဈေးတက် | |
| | | V7 (၁၁၃၀၀၀ - ၁၁၄၀၀၀) | ၃၀၀၀ ဈေးတက် | |
| | | 929 (၁၁၁၀၀၀ - ၁၁၂၀၀၀) | ဈေးငြိမ် | |

မတ်ပဲ

ပြီးခဲ့တဲ့အပတ်က မတ်ပဲက ဈေးအနည်းငယ်မြင့်တက်လာခဲ့ပေမယ့် အကျဈေးနဲ့ပဲ တစ်ပတ်အတွင်း အတက်အကျရှိနေတာဖြစ်လို့ လတ်တလော မတ်ပဲဈေးက ဆက်ပြီးတက်နိုင် မတက်နိုင်ကတော့ ခန့်မှန်းဖို့ခဲယဉ်းနေပြီး အိန္ဒိယနိုင်ငံရဲ့ဝယ်လိုအား ပြည်တွင်းငွေကြေးလဲလှယ်တဲ့ဈေးနှုန်းပေါ် အများကြီးသက်ရောက်မှုရှိနိုင်တယ်လို့ ကုန်သည်အချို့ကတော့ ခန့်မှန်းပြောဆိုပါတယ်။

ပဲစင်းငုံနီ

ပဲစင်းငုံနီကတော့ပြီးခဲ့တဲ့ အပတ်နဲ့ယှဉ်ရင် ဈေးအနည်းငယ်တက်လာပါတယ်။ အိန္ဒိယလိုအပ်ချက်ကြောင့် ပြည်တွင်းမှာဈေးကျဆင်းပေမယ့် ဈေးထိန်းရောင်းချမှုကြောင့် ဈေးကပြန်ပြီးတက်လာတာဖြစ်ပါတယ်။ ပြည်တွင်းငွေလဲလှယ်နှုန်းဈေးကလည်း ပြန်မြင့်တက်လာတဲ့အတွက်ကြောင့်လည်း ဈေးကပြန်ကောင်းလာတာဖြစ်ပြီး ဆက်ပြီးတက်နိုင်ခြေကတော့ရှိနေတယ်လို့ ကုန်သည်အများစုကဆိုထားပါတယ်။ အိန္ဒိယလိုအပ်ချက်ကမြင့်နေပြီး အထွက်နှုန်းလျော့နည်းတယ်လို့ ထုတ်ပြန်ထားတဲ့အတွက် ပဲစင်းငုံနီက လာမယ့်ကာလအနည်းငယ်အတွင်းမှာ အမြင့်ဈေးပြန်ရောက်နိုင်မယ်လို့လည်းယူဆထားပါတယ်။

ကုလားပဲ

ကုလားပဲကတော့ ဖေဖော်ဝါရီလဆန်းပိုင်းလောက်ထိ ဈေးတွေဆက်တိုက်ကျဆင်းခဲ့ပေမယ့် လလယ်လောက်မှာစပြီး ဈေးအနည်းငယ်ပြန်တက်လာပါတယ်။ ပြည်တွင်းဝယ်ယူစားသုံးမှုများလို့ ဈေးတက်နေတယ်လို့သိရပြီး အိန္ဒိယနိုင်ငံအပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကပါ ဝယ်ယူမှုတွေရှိနေတယ်လို့သိရပါတယ်။

စားတော်ပဲ

စားတော်ပဲကတော့ ဆက်တိုက်ဈေးကျဆင်းနေပါတယ်။ ဈေးကွက်ထဲ အသစ်တွေဝင်ရောက်လာပြီး ပြည်ပကနေ တင်သွင်းတဲ့ စားတော်ပဲ(ကနေဒါ)ကလည်း ဝင်ရောက်မှုများလာတဲ့အတွက် ဈေးတွေကကျဆင်းနေတာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်မှာ စားတော်ပဲလုံးက တစ်ပိဿာကို ၃၈၃၀ ကျပ်ကနေ ၄၀၀၀ ကျပ်ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၇၀ ကျပ်ဈေးကျဆင်းသွားပါတယ်။ မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၆၅၀၀၀ ကျပ်ကနေ ၂၀၀၀၀၀ ကျပ်ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀၀ ကျပ်ကျော် ဈေးကျဆင်းသွားပါတယ်။ ပြည်ဈေးကွက်မှာတော့ တစ်တင်းကို ၆၀၀၀၀ ကျပ်ပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။

**Source:** https://greenwaymyanmar.com/posts/Rice_Bean_Market

## ရှမ်းပြည်နယ်တွင် တစ်နိုင်တစ်ပိုင် အသားစားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်မည့် မြို့နယ်ရှစ်မြို့နယ်ကို ရွေးချယ်ထား



https://yadanarbonnews.com/index.php/dailynews/localnews/item/2286-2022-02-26-02-54-22

ရှမ်းပြည်နယ်တွင် တစ်နိုင်တစ်ပိုင် အသားစားနွားမွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန် လေးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်သွားမည့် မြို့နယ်ရှစ်မြို့နယ်ကို ရွေးချယ်ထားကြောင်း ရှမ်းပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ဝင်းဇင်မောင်က ပြောပြ၍သိရသည်။ ရှမ်းပြည်နယ်အတွင်းတွင် တစ်နိုင် တစ်ပိုင် အသားစားနွားမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရန် ရွေးချယ်ထားသည့်မြို့နယ်များမှာ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ပင်လောင်းမြို့နယ်၊ နမ့်စန်မြို့နယ်၊ နောင်ချိုမြို့နယ်၊ လားရှိုးမြို့နယ်နှင့်ကျိုင်းတုံမြို့နယ်တို့ဖြစ်ကြောင်းသိရသည်။ ရှမ်းပြည်နယ်အတွင်းရှိ ဒီမြို့နယ်တွေမှာရှိနေတဲ့ အသားစားနွားမွေးမြူရေးလုပ်ငန်းတွေဟာ တိုးချဲ့ဆောင်ရွက်နိုင်ဖို့ အလားလာရှိတဲ့အတွက် ရွေးချယ်ထားတာပဲဖြစ်ပါတယ်ဟု ဒေါက်တာဝင်းဇင်မောင်ကပြောပြသည်။ ရှမ်းပြည်နယ်အတွင်းရှိ ရွေးချယ်ထားသည့် မြို့နယ်ရှစ်မြို့နယ်မှ အသားစားနွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသည့် လုပ်ငန်းရှင် ၂၄ ဦးအား မေထုန်မဲ့သားစပ်နည်းသင်တန်းများကို နေပြည်တော်ရှိ မွေးမြူရေးဦးစီးဌာနမှ ပညာရှင်များကိုယ်တိုင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလက စာတွေ့လက်တွေ့သင်တန်းများပို့ချပေးပြီးဖြစ်ကြောင်း၊ ထို့ပြင် မေထုန်မဲ့ သားစပ်ရန် လိုအပ်သည့်လုပ်ငန်းသုံးပစ္စည်းကိရိယာများကို အဆိုပါမြို့နယ်များသို့ ပေးပို့ထားပြီးဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် အဆိုပါစီမံကိန်းကို စတင်နိုင်ရန်အတွက် နေပြည်တော်ရှိ မွေးမြူရေးဦးစီးဌာနမှ အသားစားနွား မေထုန်မဲ့သားစပ်နိုင်ရန် မျိုးချောင်းများကို တောင်းခံထားပြီးဖြစ်ကာ အဆိုပါမျိုးချောင်းများရရှိပါက စီမံကိန်းလုပ်ငန်းများကို စတင်မည်ဖြစ်ကြောင်းသိရသည်။ ရှမ်းပြည်နယ်တွင် နွားမွေးမြူမှုအနေဖြင့် လယ်ယာလုပ်ငန်းသုံး ဒေသမျိုးရင်းနွားများကို အဓိကမွေးမြူပြီး နို့စားနွားများကို တောင်ကြီး၊ နောင်ချိုမြို့နယ်တို့တွင် မွေးမြူကြောင်း၊ အသားစားနွားမွေးမြူမှု နည်းပါးသည့်အတွက် အဆိုပါစီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://yadanarbonnews.com/index.php/dailynews/localnews/item/2286-2022-02-26-02-54-22

## ပြည်ပက ကြက်သွန်နီများ ပြန်လည်ဝယ်ယူမှုကြောင့် မန္တလေးတိုင်းဒေသကြီးဈေးကွက်တွင် တစ်ပိဿာလျှင် ငွေကျပ် ၆၅၀ ထိရှိလာ

ပြည်ပက ကြက်သွန်နီများ ပြန်လည်ဝယ်ယူမှုကြောင့် မန္တလေးဈေးကွက်တွင် တစ်ပိဿာလျှင် ငွေကျပ် ၆၅၀ ထိ ရှိလာကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေကပြောပြ၍သိရသည်။ ယခင်က ပြည်တွင်းမှ ကြက်သွန်နီများကို ပြည်ပက အဝယ်အနည်းငယ်သာရှိသောကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးနှုန်းများကျဆင်းခဲ့ကြောင်း၊ လက်ရှိတွင် ပြည်ပကကြက်သွန်နီများကို ပြန်လည်ဝယ်ယူမှုများလာသည့်အပြင် ပြည်တွင်း၌လည်း အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာမှုကြောင့် ကြက်သွန်နီဈေးနှုန်းများ ပြန်လည်မြင့်တက်လာကြောင်းသိရသည်။ အခုပြည်ပကို အများဆုံး တင်ပို့နေတာက မြစ်သားနဲ့ရွှေဘိုကထွက်ရှိတဲ့ ကြက်သွန်နီတွေပါ။ အခု မန္တလေးဈေးကွက်အတွင်းမှာ အဲဒီမြို့တွေက ထွက်ရှိတဲ့ ကြက်သွန်နီတွေ ရောင်းအားကောင်းနေပြီး ဈေးနှုန်းမြင့်တက်နေပါတယ်။ နောက်ထပ် ပြည်ပနဲ့ပြည်တွင်းကသာ အခုလို အဝယ်များလာရင် ကြက်သွန်နီဈေးက အခုထက်ဈေးကောင်းပိုရဖို့ရှိပါတယ်ဟု ဒေါ်မေသဲဆွေကပြောပြသည်။ ယခင်က မန္တလေးဈေးကွက်အတွင်း ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၃၅၀ ခန့်သာဈေးရှိခဲ့သော်လည်း လက်ရှိတွင် ပြည်တွင်းအပြင် ပြည်ပနိုင်ငံကပါ အဝယ်များလာခြင်းကြောင့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၆၅၀ ခန့်ထိ ပေါက်ဈေးရှိနေပြီး ဈေးနှုန်းများ မြင့်တက်လာကြောင်းသိရသည်။

**Source:** https://yadanarbonnews.com/index.php/dailynews/localnews/item/2281-2022-02-25-03-58-48

## ဆန်အများဆုံးထုတ်လုပ်သည့် (၁၀) နိုင်ငံစာရင်းမှာ မြန်မာနိုင်ငံက သတ္တမဖြစ်ခဲ့

| Country | Tonnes Rice Produced (2019) | % of Total |
|---|---|---|
| China | 211.4M | 28.0% |
| India | 177.6M | 23.5% |
| Indonesia | 54.6M | 7.2% |
| Bangladesh | 54.6M | 7.2% |
| Vietnam | 43.4M | 5.7% |
| Thailand | 28.3M | 3.7% |
| Myanmar | 26.3M | 3.5% |
| Philippines | 18.8M | 2.5% |
| Pakistan | 11.1M | 1.5% |
| Brazil | 10.4M | 1.4% |
| Others | 119.0M | 15.8% |
| Total | 755.5M | 100.0% |

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/4290-worlds-biggest-rice-producers.html




https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/4290-worlds-biggest-rice-producers.html

ကမ္ဘာ့ဆန်အများဆုံး ထုတ်လုပ်တဲ့ (၁၀) နိုင်ငံစာရင်းကို ကုလသမဂ္ဂ FAOSTAT နှင့် USDA တို့ရဲ့ အချက်အလက်များအရ စာရင်းပြုစုခဲ့ရာမှာ ၂၀၁၉ ခုနှစ်အတွက် ဆန်အများဆုံးထုတ်လုပ်သည့် (၁၀) နိုင်ငံစာရင်းမှာ မြန်မာနိုင်ငံက သတ္တမနေရာမှာ ရှိနေပါတယ်။

၂၀၁၉ မှာ ကမ္ဘာ့ဆန်ထုတ်လုပ်မှု တန်ချိန်စုစုပေါင်း ၇၅၆ သန်း ရှိပြီး တန်ချိန်ပမာဏအရ ဆန်ကတတိယအများဆုံး ထုတ်လုပ်တဲ့ စိုက်ပျိုးထုတ်ကုန်ဖြစ်ပါတယ်။ ကြံကပထမနေရာမှာရှိနေပြီး ပြောင်းကဒုတိယအများဆုံးဖြစ်ပါတယ်။ ကမ္ဘာ့ဆန်ထုတ်လုပ်မှုရဲ့ အများစုကို ၁၀ နိုင်ငံက ဒိုင်ခံထုတ်လုပ်ပေးပါတယ်။

ကမ္ဘာ့စားသုံးမှုကို ကယ်လိုရီအရကြည့်ရင် ဆန်က စားသုံးတဲ့ကယ်လိုရီစုစုပေါင်းရဲ့ ငါးပုံတစ်ပုံကျော်ရှိပါတယ်။ ကမ္ဘာ့ဆန်ထုတ်လုပ်မှုစုစုပေါင်းရဲ့ ထက်ဝက်ကျော်ကို နံပါတ်(၁) နေရာမှ တရုတ်နှင့် နံပါတ်(၂) နေရာမှ အိန္ဒိယနှစ်နိုင်ငံတို့က ထုတ်လုပ်ပေးပြီး ၂ နိုင်ငံ ထုတ်လုပ်မှုပမာဏ စုစုပေါင်းတန်ချိန် ၃၈၉ သန်းရှိပါတယ်။ အဆိုပါ ၂ နိုင်ငံမှာ ထုတ်လုပ်တဲ့ပမာဏက တန်ချိန် ၅၄.၆ သန်းစီထုတ်လုပ်တဲ့ နံပါတ်(၃) အင်ဒိုနီးရှားနှင့် နံပါတ်(၄) ဘင်္ဂလားဒေ့ရှ်တို့ထက် များစွာပိုများပါတယ်။

၂၀၁၉ ခုနှစ်အတွက် ဆန်အများဆုံး ထုတ်လုပ်သည့် (၁၀) နိုင်ငံစာရင်းမှာ နံပါတ်(၁၀)မှာရှိတဲ့ ဘရာဇီးနိုင်ငံမှ လွဲရင် ကျန် ၉ နိုင်ငံတို့က အာရှနိုင်ငံများဖြစ်ပါတယ်။ အဆိုပါစာရင်းမှာ ပါဝင်တဲ့ ၁၀ နိုင်ငံတို့က ကမ္ဘာ့ဆန်ထုတ်လုပ်မှုစုစုပေါင်းရဲ့ ၈၄% ကို ထုတ်လုပ်ပေးပါတယ်။ ထိုအချက်က နိုင်ငံအများစုတို့သည် ပြည်တွင်းဆန်စားသုံးမှုဖူလုံစေဖို့အတွက် ပြည်ပမှတင်သွင်းမှုအပေါ် တည်မှီနေကြရကြောင်းပြပါတယ်။

ပြည်ပသို့ဆန် အသားတင်တင်ပို့မှု တန်ချိန်ပမာဏမှာ အိန္ဒိယ၊ ထိုင်း၊ ပါကစ္စတန်၊ ဗီယက်နမ်တို့က အများဆုံးတင်ပို့ကြပြီး တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ ၁၆ ဘီလျံရှိပါတယ်။ အီရန်၊ တရုတ်၊ ဆော်ဒီအာရေဗျနှင့်ဖိလစ်ပိုင်တို့က စိုက်ပျိုး ထုတ်လုပ်တဲ့ ပမာဏထက် စားသုံးမှုကပိုများနေလို့ ပြည်တွင်းဆန်ဖူလုံစေရေးအတွက် ဆန်ကိုပြည်ပမှတင်သွင်းကြပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ထွက်သမျှစပါးအားလုံး ရာနှုန်းပြည့် စားသုံးသူထံမရောက်ရှိပါဘူး။ ရိတ်သိမ်းပြီးကာလ ပြဿနာများကြောင့်လည်းကောင်း၊ အခြေခံအဆောက်အအုံ ညံ့ဖျင်းတာကြောင့်လည်းကောင်း ၈~၂၆% လေလွင့်ဆုံးရှုံးပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/4290-worlds-biggest-rice-producers.html

## ယခုနှစ်ကော်ဖီရာသီတွင် ပြည်ပနိုင်ငံသို့ မြေနိမ့်ကော်ဖီတန်ချိန် ၁၅၀ တင်ပို့သွားမည်

ယခုနှစ် ကော်ဖီရာသီတွင် ပြည်ပနိုင်ငံများသို့ ရိုဘာစတာ အရည်အသွေးကောင်း မြေနိမ့်ကော်ဖီတန်ချိန် ၁၅၀ တင်ပို့သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကော်ဖီသုတေသနနှင့်နည်းပညာပြန့်ပွားရေးဗဟိုဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိမြင့်က ပြောပြ၍သိရသည်။

အဆိုပါ ရိုဘာစတာ အရည်အသွေးကောင်း မြေနိမ့်ကော်ဖီကိုဝယ်ယူရန် ပြည်ပနိုင်ငံများက ကမ်းလှမ်းထားသောကြောင့် မြေနိမ့်ကော်ဖီတန်ချိန် ၁၅၀ ကို လာမည့်ဧပြီလမှစ၍ တင်ပို့သွားရန်စီစဉ်ဆောင်ရွက်သွားကြောင်း၊ လက်ရှိအချိန်တွင် ကော်ဖီသီးမှည့်ကိုခူးပြီး အဆန်ထုတ်ကြိတ်ခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်နေကြောင်းသိရသည်။

“မြေနိမ့်ကော်ဖီအရည်အသွေးကို ဝယ်ယူကြတဲ့နိုင်ငံတွေက အသိအမှတ်ပြုတယ်။ အဲဒါကြောင့် ကြိုက်နှစ်သက်ကြပြီးတော့ မှာယူကြတာပါ။ အရည်အသွေးကောင်းကော်ဖီတွေ တိမ်မြုပ်နေတာကိုလဲ ဖော်ပြီးသားဖြစ်ပါတယ်။ ဈေးနှိမ်ခံရမှုကိုလဲ ကာကွယ်ပြီးသားဖြစ်တယ်။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းတွေကို တောင်သူတွေက လိုက်နာဆောင်ရွက်ကြတော့ စနစ်ကောင်းတွေ ဖော်ဆောင်ပြီးသားရရှိတယ်။ အရည်အသွေးကောင်းကော်ဖီတွေလဲ ထွက်ရှိပါတယ်။ မြေနိမ့်ကော်ဖီကို မနှစ်က တင်ပို့ခဲ့ရာမှာ တစ်ပိဿာကို ငွေကျပ် ၄၅၀၀ နဲ့ ၅၀၀၀ ဈေးရရှိခဲ့ပါတယ်။ ဒီနှစ်ဝယ်ယူဖို့ ကမ်းလှမ်းကြတော့ မနှစ်ကဈေးထက်ပိုပေးဖို့ ညှိနှိုင်းဆောင်ရွက်ထားပါတယ်” ဟု ဒုတိယညွှန်ကြားရေးမှူး ဒေါ်မီမီမြင့်ကပြောပြသည်။

အဆိုပါ ရိုဘာစတာ အရည်အသွေးကောင်း မြေနိမ့်ကော်ဖီကို ပြီးခဲ့သည့်နှစ် ကော်ဖီရာသီက တန်ချိန်ငါးတန်မှ ၁၀ တန်ထိ တင်ပို့ရောင်းချခဲ့ကြောင်း၊ ကော်ဖီအရည်အသွေးကို ကြိုက်နှစ်သက်ကြသည့်အတွက် ယခုနှစ်တွင် တန်ချိန် ၁၅၀ ထိဝယ်ယူရန် ကမ်းလှမ်းထားကြောင်း၊ မြေနိမ့်ကော်ဖီကို လက်ရှိဝယ်ယူနေသည့် နိုင်ငံများအပြင် ကျန်သည့်နိုင်ငံများက ဝယ်ယူရန် ကမ်းလှမ်းလာပါက တင်ပို့ရောင်းချသွားရန် ဆောင်ရွက်ထားရှိကြောင်း ၎င်းကဆက်လက်ပြောပြ၍ သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ဈေးကွက်တွင် ဆန်ကွဲဝယ်ယူမှုများနေပြီး ဈေးကောင်းရနေ

ရန်ကုန်တိုင်းဒေသကြီးရှိ ဘုရင့်နောင်ဈေးကွက်တွင် ဆန်ကွဲဝယ်ယူမှုများနေပြီး ဈေးကောင်းရနေကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း (ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးသန်းဦးက ပြောပြ၍သိရသည်။

မြန်မာဆန်ကွဲသည် လတ်တလောတွင် ပြည်ပကဝယ်ယူမှု မြင့်တက်လျက်ရှိပြီး နယ်စပ်လမ်းကြောင်းမှတင်ပို့ရခြင်း မရှိသေးဘဲ ရေကြောင်းလမ်းဖြင့်သာ နိုင်ငံစုံသို့တင်ပို့နေရကြောင်း၊ လက်ရှိဆန်ဈေးကွက်အခြေအနေမှာ မိုးစပါးလက်ကျန် များသာရောင်းချလျက်ရှိပြီး နွေစပါးမပေါ်သေးသောကြောင့် ဆန်လက်ကျန်နည်းပါးသည့်အတွက် ပြည်ပပို့သူများအနေဖြင့် အများအပြားဝယ်ရမည့်အခြေအနေရှိလာပါက ဝယ်ယူမှုမရှိသည့်အတွက် ဆန်လက်ကျန်နည်းသော်လည်း ဆန်ဈေးမြင့်တက်ခြင်းမရှိဘဲ ပုံမှန်အရောင်းအဝယ်သာဖြစ်ကြောင်း သိရသည်။

“ဆန်ဈေးကွက်အခြေအနေကတော့ လောလောဆယ်မှာ ပြည်ပကိုပို့ဖို့ သိပ်မရှိတော့အေးနေပါတယ်။ ပြည်ပကိုပို့ရာမှာ ရေကြောင်းနဲ့သွားတာက ကြိုတင်ဝယ်ယူထားပြီးသားကို ပို့တာဆိုတော့ ဆန်ဈေးကွက်ရဲ့အရောင်းအဝယ်ကို အကျိုးသက်ရောက်မှုမရှိပါဘူး။ နယ်စပ်လမ်းကြောင်းကတော့ အခုတစ်လော တင်ပို့မှုမရှိသေးပါဘူး။ ဆန်ကွဲကတော့ ပြည်ပပို့သမားကော၊ မွေးမြူရေးသမားကော ဝယ်ယူမှုများနေတဲ့အတွက် အရောင်းအဝယ်ဖြစ်နေပါတယ်။ ဆန်ကအရောင်းအဝယ် နည်းတော့ ဈေးကျသလိုဖြစ်နေတယ်။ ဆန်ကွဲက အဝယ်လိုက်ပြီး ဈေးတက်နေတော့ ဈေးနှုန်းအနေနဲ့ ဆန်နဲ့ဆန်ကွဲက အတူတူလောက်ဖြစ်နေတယ်။ ၂၅ မှတ် ဆန်တစ်တင်းခွဲတစ်အိတ်ကို ငွေကျပ် နှစ်သောင်းငါးထောင်လောက်ဖြစ်နေတဲ့အချိန်မှာ ဆန်ကွဲကလဲ ငွေကျပ် နှစ်သောင်းငါးထောင်လောက်ဖြစ်နေတယ်” ဟု ဦးသန်းဦးက ပြောပြသည်။

လက်ရှိကာလတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ နေ့စဉ်ဆန်နှင့်ဆန်ကွဲ အဝင်မှာ အိတ်ရေ ၁၀၀၀၀ နှင့် ၁၅၀၀၀ ကြားရှိနေပြီး အဓိကဝင်ရောက်ရာလမ်းကြောင်းမှာ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှဖြစ် ကြောင်း ၎င်းကပြောပြ၍သိရသည်။

**Source:** ရတနာပုံသတင်းစာ

## တရုတ်နိုင်ငံသို့ အေးခဲထားသည့် စားသောက်ကုန်များ ထုတ်လုပ်တင်ပို့ရာတွင် COVID-19 ကမ္ဘာ့ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကာကွယ်တားဆီးရေး၊ ထိန်းချုပ်ရေးနှင့်ပတ်သက်သည့်လမ်းညွှန်ချက်ထုတ်ပြန်ခဲ့ခြင်း

တရုတ်နိုင်ငံတော်ကောင်စီသည် တရုတ်နိုင်ငံသို့ အေးခဲထားသည့်စားသောက်ကုန်များ ထုတ်လုပ်တင်ပို့ရာတွင် COVID-19 ကမ္ဘာ့ကပ်ရောဂါကူးစပ်ပျံ့နှံ့မှုမှ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အောက်ပါနည်းပညာလမ်းညွှန်ချက်များ ထုတ်ပြန်ခဲ့ပါသည် -

(က) တရုတ်နိုင်ငံသို့ အေးခဲထားသည့်စားသောက်ကုန်များ ထုတ်လုပ်တင်ပို့ရာတွင် COVID-19 ကမ္ဘာ့ကပ်ရောဂါကူးစပ်ပျံ့နှံ့မှုမှ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များဖြစ်သည့် “Technical Guidelines for Prevention and Control of New Coronavirus in Cold Chain Food Production and Operation (Second Edition)” နှင့် “Technical guidelines for Prevention **, Control and Disinfection of New Coronavirus in** Cold Chain Food Production and Operation (Second Edition)” တို့အား တရုတ်နိုင်ငံတော် ကောင်စီမှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း၊

(ခ) တရုတ်အာဏာပိုင်အဖွဲ့များသည် တရုတ်နိုင်ငံအတွင်းသို့ တင်သွင်းလာသည့်ကုန်စည်များမှတစ်ဆင့် COVID-19 ကမ္ဘာ့ကပ်ရောဂါကူးစပ်ပျံ့နှံ့မှုများ ဖြစ်ပွားခြင်းမရှိစေရေးအတွက် ယခုလမ်းညွှန်ချက်များအား တိကျစွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

(ဂ) ယခုပေးပို့သည့်လမ်းညွှန်ချက်များအား သက်ဆိုင်ရာနိုင်ငံများအလိုက် တာဝန်ခံဝန်ကြီးဌာနများသည် တရုတ်နိုင်ငံသို့ အေးခဲထားသည့် စားသောက်ကုန်များ ထုတ်လုပ်တင်ပို့လျက်ရှိသည့် ထုတ်လုပ်သူများအနေဖြင့် လိုက်ပါ အကောင် အထည်ဖော်နိုင်ရေးအတွက် ဆက်လက်အကြောင်းကြားပေးစေလိုကြောင်း၊

(ဃ) နှစ်နိုင်ငံအကြားကုန်သွယ်မှု တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ထိန်းသိမ်းရန်၊ ဝယ်ယူသုံးစွဲသူများမှ ယုံကြည် စိတ်ချစွာဖြင့် ထုတ်လုပ်တင်ပို့သူဈေးကွက်အား ဆက်လက်ထိန်းသိမ်းထားနိုင်ရန်တို့အတွက် စားသောက်ကုန်များ ထုတ်လုပ်တင်ပို့သည့်လုပ်ငန်းစဉ်များအတွင်း COVID-19 ကမ္ဘာ့ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းကို တိကျစွာလိုက်နာ ကောင်အထည်ဖော်စေလိုပါကြောင်း၊

(င) တရုတ်နိုင်ငံသည် ကုန်သွယ်ဖက်နိုင်ငံများထံမှ လုံခြုံစိတ်ချရပြီး အရည်အသွေးကောင်းမွန်သည့် စားသောက်ကုန်တင်ပို့မှုများအား ပွင့်လင်းစွာဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကြိုဆိုလျက်ရှိပါကြောင်း၊

(စ) ယခုပေးပို့သည့်အချက်အလက်များအား အစားအသောက်လုံခြုံစိတ်ချစေရေးနှင့် သက်ဆိုင်သည့်အာဏာပိုင်အဖွဲ့များထံသို့ ဆက်လက်ပေးပို့ပေးစေလိုပါကြောင်း၊

(ဆ) နှစ်နိုင်ငံအကြား စားသောက်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးနှင့်ပတ်သက်၍ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်ထားပါသည်။

**Source: ရွှေစင်ဦး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ်-ဘေကျင်း)**

## စင်ကာပူအစိုးရ၏ ၂၀၂၂ ခုနှစ် ဘတ်ဂျက်တွင် ကိုဗစ် ၁၉ ကပ်ရောဂါကြောင့် ရုန်းကန်နေရဆဲဖြစ်သော စီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်းလုပ်သားများအတွက် ချက်ချင်းလက်ငင်းထောက်ပံ့ပေးမည့် အစီအစဉ်များပါဝင်ခြင်း

စင်ကာပူအစိုးရ၏ ၂၀၂၂ ခုနှစ် (၂၀၂၂ ခုနှစ်၊ ဧပြီလမှ ၂၀၂၃ ခုနှစ်၊ မတ်လအထိ) အရအသုံးခန့်မှန်းခြေစာရင်း (ဘတ်ဂျက်)ကို ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဝန်ကြီး Mr Lawrence Wong က ပါလီမန်သို့ ၁၈ - ၂ - ၂၀၂၂ ရက်နေ့တွင် တင်ပြဆွေးနွေးခဲ့ရာ၌ စင်ကာပူနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၂ ခုနှစ်တွင်လည်း ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ ဆက်လက်တိုးတက်မှုရှိနိုင်သည်ဟု မျှော်မှန်းထားရှိသော်လည်း လက်ရှိကိုဗစ် ၁၉ ကပ်ရောဂါကြောင့် ယခုအချိန်အထိ ရုန်းကန်နေရဆဲဖြစ်သော စီးပွားရေးလုပ်ငန်းကဏ္ဍများနှင့် ပြည်တွင်းလုပ်သားများရှိပါသဖြင့် ၎င်းတို့အား အစိုးရမှ ချက်ချင်းလက်ငင်းကူညီထောက်ပံ့ပေးမည့်အစီအစဉ်များပါဝင်ကြောင်း သိရှိရပါသည်။

ထိုသို့ထောက်ပံ့ပေးမည့်အစီအစဉ်များတွင် အသေးစားစီးပွားရေးလုပ်ငန်းများမှ ပြန်လည်ဦးမော့လာစေရေး အတွက် ထောက်ပံ့ကြေးပေးမည့်အစီအစဉ် (Small Business Recovery Grant) နှင့် ပြည်တွင်းအလုပ်အကိုင် ရရှိမှုတိုးတက်ကောင်းမွန်လာစေရန် စီးပွားရေးလုပ်ငန်းများမှ ဝန်ထမ်းခန့်ထားရာတွင် ကုန်ကျသောလုပ်ခလစာစရိတ်၏ သတ်မှတ်ရာခိုင်နှုန်းတစ်ခုအထိ အစိုးရမှကျခံပေးသောအစီအစဉ် (Jobs Growth Incentive) များအတွက် စင်ကာပူဒေါ်လာ ၅၀၀ သန်း သုံးစွဲသွားရန်လျာထားပါသည်။ Small Business Recovery Grant အစီအစဉ်တွင် အကျုံးဝင် သောလုပ်ငန်းအမျိုးအစားများမှာ စားသောက်ကုန်နှင့်အဖျော်ယမကာလုပ်ငန်း၊ လက်လီရောင်း ဝယ်ရေး လုပ်ငန်းများ၊ သုခုမအနုပညာနှင့် အနုပညာသင်တန်းများ၊ အားကစားဆိုင်ရာလုပ်ငန်းများ၊ ရုပ်ရှင်ရုံလုပ်ငန်းများ၊ ပြတိုက်၊ အနုပညာပြခန်းနှင့် သမိုင်းဝင်နေရာများပြသသည့်လုပ်ငန်းများ၊ အဆောက်အဦးအတွင်းရှိ ကစားကွင်းနှင့် မိသားစုများအပန်းဖြေရေးဆိုင်ရာဝန်ဆောင်မှုစင်တာများ၊ တည်းခိုနေထိုင်ရေးနှင့် ခရီးသွားလုပ်ငန်းများ၊ ပြပွဲများစီစဉ် ကျင်းပသည့်လုပ်ငန်းများ ပါဝင်ပါသည်။

Small Business Recovery Grant အစီအစဉ်တွင်အကျုံးဝင်သော လုပ်ငန်းများသည် ပြည်တွင်းဝန်ထမ်း တစ်ဦးခန့်ထားမှုအတွက် စင်ကာပူဒေါ်လာ ၁၀၀၀ နှုန်းဖြင့် တစ်ကြိမ်တည်း ထောက်ပံ့ကြေးကို ရရှိမည်ဖြစ်ပါသည်။ သို့ရာတွင် လုပ်ငန်းတစ်ခုလျှင် အများဆုံး စင်ကာပူဒေါ်လာ ၁၀၀၀၀ အထိသာ ထောက်ပံ့ပေးမည်ဖြစ်ပါသည်။ ပြည်တွင်းလုပ်သားများကို ငှားရမ်းခန့်ထားမှုမရှိသော စားသောက်ဆိုင်စင်တာများနှင့် ဈေးများမှ အရောင်းဆိုင်များနှင့် ကော်ဖီဆိုင်လုပ်ငန်းများအနေဖြင့်လည်း စင်ကာပူဒေါ်လာ ၁၀၀၀ ထောက်ပံ့ကြေးကိုရရှိမည်ဖြစ်ပါသည်။

ထို့ပြင် စင်ကာပူရှိ စီးပွားရေးလုပ်ငန်းများအနေဖြင့် အသက် ၄၀ နှင့်အထက် ပြည်တွင်းလုပ်သားများကို ငှားရမ်းခန့်ထားခြင်းဖြစ်ပါက လုပ်ခလစာ၏ ၅၀ ရာခိုင်နှုန်းအထိကို လည်းကောင်း၊ အသက် ၄၀ နှစ်အောက် ပြည်တွင်းဝန်ထမ်းများအား ငှားရမ်းခန့်ထားခြင်းဖြစ်ပါက လုပ်ခလစာ၏ ၂၅ ရာခိုင်နှုန်းအထိကိုလည်းကောင်း အစိုးရ က "Jobs Growth Incentive" အစီအစဉ်ဖြင့် ထောက်ပံ့ပေးခဲ့ရာမှ ယခုအခါ ယင်းအစီအစဉ်ကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအထိ ဆက်လက်ထောက်ပံ့ပေးမည်ဖြစ်ပါသည်။ သို့ရာတွင် အစိုးရမှ ကျခံပေးမည့် ရာခိုင်နှုန်းများကို လျှော့ချသတ်မှတ်မည်ဖြစ်ပါသည်။

ကိုဗစ် ၁၉ ကပ်ရောဂါကြောင့် အဆိုးဝါးဆုံးထိခိုက်မှုဖြစ်ပေါ်ခဲ့သော လုပ်ငန်းကဏ္ဍများအနက် လေကြောင်း လုပ်ငန်းကဏ္ဍအတွက် အစိုးရမှ သီးခြားအထောက်အပံ့များကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ထောက်ပံ့ ပေးမည့်အသေးစိတ်အချက်အလက်များကို ပို့ဆောင်ရေးဝန်ကြီးမှ ပါလီမန်သို့နောက်ပိုင်းတွင် တင်ပြဆွေးနွေး သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကမ္ဘာ့ကုန်ထုတ်လုပ်မှုနှင့်ဖြန့်ဖြူးမှုလမ်းကြောင်းများ ကမောက်ကမဖြစ်ပေါ်ခဲ့ခြင်း၊ စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခဲ့ခြင်း၊ ကမ္ဘာ့ဝယ်လိုအားမှာလည်း တိုးတက်လာနေခြင်း စသည့်အကြောင်း ရင်းများကြောင့် ကုန်ကြမ်း ပစ္စည်းဈေးနှုန်းနှင့် လျှပ်စစ်ဓာတ်အားခများ မြင့်တက်လာကာ စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ ငွေသား စီးဆင်းမှုအပေါ် စိုးရိမ်မှုမြင့်တက်လာသည်ကို သက်သာရာရရှိစေရန်အတွက် စီးပွားရေးလုပ်ငန်းများအား ချေးငွေထုတ် ပေးသည့်အစီအစဉ်များဖြစ်သည့် "Temporary Bridging Loan Programme" နှင့် "Enhanced Trade Loan Scheme" အစီအစဉ်တို့ကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ထို့ပြင် ဆောက် လုပ်ရေးလုပ်ငန်းများအတွက် စီမံကိန်းချေးငွေထုတ်ချေးသောအစီအစဉ်ကိုလည်း ၂၀၂၃ ခုနှစ်၊ မတ်လအထိ ကာလ တိုးမြှင့်ပေးမည်ဖြစ်ပါသည်။


ကိုဗစ် ၁၉ ကြောင့် အလုပ်အကိုင်နှင့် ဝင်ငွေဆုံးရှုံးခဲ့ရသော ပြည်တွင်းလုပ်သားများအနေဖြင့်လည်း "Covid-19 Recovery Grant" အစီအစဉ်မှ ထောက်ပံ့ကြေးရရှိရန် ၂၀၂၂ ခုနှစ် နှစ်ကုန်အထိ ဆက်လက် လျှောက်ထား

နိုင်မည်ဖြစ်ကြောင်း၊ စင်ကာပူအစိုးရ၏ ၂၀၂၂ ခုနှစ် ဘတ်ဂျက်တွင်လိုငွေ စင်ကာပူဒေါ်လာ ၃ ဘီလီယံကျော် ပေါ်ပေါက်နိုင်သည်ဟု ကြိုတင်ခန့်မှန်းထားရှိကြောင်း Mr Lawrence Wong က ပြောကြားခဲ့ပါသည်။

**Source: Ministry of Finance, Singapore**

**မြတ်နိုး၊ စီးပွားရေးသံမှူး (မြန်မာသံရုံး၊ စင်ကာပူမြို့)**

## ဂျာမနီနိုင်ငံ၏ စီးပွားရေး၊ကုန်သွယ်ရေးအခြေအနေများ




ဂျာမနီနိုင်ငံသည် ကမ္ဘာ့တန်ဖိုးကွင်းဆက်ဖြစ်စဉ်များနှင့် ကုန်စည်စီးဆင်းမှုများတွင် ခိုင်မာစွာ ပေါင်းစည်းဆောင်ရွက်နေပြီး နိုင်ငံ၏စီးပွားရေးသည် ပြည်ပကုန်သွယ်ရေးပေါ်တွင် များစွာအားထားဆောင်ရွက်နေသည့် နိုင်ငံဖြစ်ပါသည်။ ဂျာမနီနိုင်ငံ၏ အီးယူပြင်ပနိုင်ငံများသို့ ပို့ကုန်သည် ၂၀၂၂ခုနှစ်ဇန်နဝါရီလတွင် ယူရို ၅၆.၃ဘီလီယံသို့ ရောက်ရှိခဲ့ရာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလထက် ၉.၄ရာခိုင်နှုန်းပိုမိုတိုးတက်မှုရရှိခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှု ကြောင့် ကန့်သတ်ထိန်းချုပ်မှုများ မစတင်မီကာလဖြစ်သည့် ၂၀၂၀ခုနှစ်ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်လျှင်၁၉.၃ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ပါသည်။ အီးယူပြင်ပနိုင်ငံများအနက် တရုတ် နိုင်ငံနှင့်ကုန်သွယ်မှုတိုးတက်လာခဲ့ပြီး ၂၀၂၀ခုနှစ်တွင် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုမှရရှိငွေသည် ၁၅.၁ရာခိုင်နှုန်းတိုးတက်မှုရရှိခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် ဂျာမနီနိုင်ငံ၏ ပို့ကုန်အများစုသည် အမေရိကန်နိုင်ငံသို့ဖြစ်ပြီး သွင်းကုန်အများစုသည် တရုတ်နိုင်ငံမှဖြစ်ကာ တရုတ်နိုင်ငံသည် အရေးပါသော ကုန်သွယ်ဖက်နိုင်ငံအဖြစ် ၆နှစ် ဆက်တိုက်နေရာယူထားခြင်း ဖြစ်သည်။ ယူနိုက်တက်ကင်းဒမ်းနိုင်ငံက အီးယူအဖွဲ့ဝင်နိုင်ငံအဖြစ်မှ နှုတ်ထွက်ခဲ့ပြီးနောက် ဂျာမနီနိုင်ငံမှ ယူနိုက်တက်ကင်းဒမ်းနိုင်ငံသို့ ပို့ကုန်များ ကျဆင်းခဲ့ပြီး ၂၀၂၁ခုနှစ်တွင် ယူရို ၆၅.၄ဘီလီယံ တင်ပို့မှုရှိခဲ့ရာ ၂၀၂၀ခုနှစ်နှင့်နှိုင်းယှဉ်လျှင် ၂.၅ရာခိုင်နှုန်းကျဆင်းမှု ရှိခဲ့ပါသည်။ ၂၀၂၁ခုနှစ် ဒီဇင်ဘာလတွင် ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် အလုပ်အကိုင်ရရှိမှုပိုင်းတို့တွင်လည်း တိုးတက်မှုများအသီးသီးရရှိခဲ့ပါသည်။

ဂျာမနီနိုင်ငံတွင် ၂၀၂၁ခုနှစ်အတွင်း စီးပွားရေးလုပ်ငန်းကြီးများ (၁၂၆၉၀၀)ကျော် လုပ်ငန်းစတင်လုပ်ကိုင်နိုင်မှုရှိခဲ့ရာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ မဖြစ်ပွားမီကာလ ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၃.၅ရာခိုင်နှုန်းနှင့် ၂၀၂၀ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၈.၄ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ပြီး လုပ်ငန်းငယ်များမှာမူ ၂၀၂၀ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂.၈ ရာခိုင်နှုန်း ကျဆင်းမှုရှိခဲ့ပါသည်။ ၂၀၂၁ခုနှစ်အတွင်း ဂျာမနီနိုင်ငံ၏ Automotive Industry တွင် ချစ်ပ်များ ထုတ်လုပ်မှုကျဆင်းခြင်းနှင့် ဖြန့်ဖြူးမှုအပိုင်းများအားနည်းခြင်းတို့ကြောင့် ကျဆင်းမှုရှိခဲ့ပြီး ပြည်ပကုန်သွယ်မှုကို ထိခိုက်မှုရှိခဲ့ပါသည်။ ၂၀၂၁ ခုနှစ်

အတွင်း Passenger Cars များတင်ပို့မှု ယူရို ၁၁၇.၆ဘီလီယံရှိခဲ့ရာ တရုတ်နိုင်ငံသို့တင်ပို့မှု ယူရို ၁၆.၇ ဘီလီယံရှိခဲ့ပြီး အခြားအများဆုံးတင်ပို့သည့်နိုင်ငံများမှာအမေရိကန်နိုင်ငံ(ယူရို၁၅.၉ဘီလီယံ) နှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံ (ယူရို၉.၄ ဘီလီယံ)တို့ဖြစ်ပါသည်။

၂၀၂၁ခုနှစ်အတွင်းရုရှားနိုင်ငံနှင့်ကုန်သွယ်မှုမှာ ယူရို၅၉.၈ဘီလီယံရှိခဲ့ရာ ၂၀၂၀ ခုနှစ်ထက် ၃၄ရာခိုင်နှုန်း တိုးတက်မှုရရှိခဲ့ပြီး အထူးသဖြင့် သွင်းကုန်ပိုင်းတွင် စွမ်းအင်ဈေးနှုန်း မြင့်တက်မှုများကြောင့် တိုးတက်ခဲ့ခြင်းဖြစ်ကာ ရေနံနှင့်သဘာဝဓါတ်ငွေ့တင်သွင်းမှုများက စုစုပေါင်းသွင်းကုန်၏ ၅၉ ရာခိုင်နှုန်းခန့်ရှိခဲ့ပါသည်။

၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ လက်ကားရောင်းဝယ်မှုဈေးနှုန်းများမှာ ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းနှင့်နှိုင်းယှဉ်လျှင် ၁၆.၂ ရာခိုင်နှုန်းအားဖြင့်တိုးတက်ခဲ့ပါသည်။ စားသောက်ဆိုင်ဝန်ဆောင်မှုလုပ်ငန်းနှင့် ခရီးသွားလာတည်းခိုမှု လုပ်ငန်း များမှရရှိငွေသည် ၂၀၂၁ ခုနှစ်တွင် ၂၀၂၀ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂.၂ ရာခိုင်နှုန်းကျဆင်းမှုရှိခဲ့ပြီး ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၄၀.၃ ရာခိုင်နှုန်းကျဆင်းမှုရှိခဲ့ရာ ကိုဗစ်ကပ်ရောဂါကာလ ကန့်သတ်ချက်များကြောင့် ဖြစ်ကြောင်း Federal Statistical Office က ထုတ်ပြန်ပါသည်။

၂၀၂၁ခုနှစ်အတွင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းပေါင်း(၆၂၆၀)ခန့်က စုစုပေါင်း ဟင်းသီးဟင်းရွက်တန်ချိန် ၄.၃ သန်းကို ရိတ်သိမ်းပြီးစီးခဲ့ရာ ၂၀၂၀ ခုနှစ်ကထက် ၁၅ ရာခိုင်နှုန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဤသို့ ဆောင်ရွက် နိုင်ခဲ့ခြင်းသည် ၂၀၂၁ခုနှစ်အတွင်း ရာသီဥတုကောင်းမွန်ခြင်းသည် အကြောင်းတစ်ချက်ဖြစ်ပြီး ၁၃၁၉၀၀ ဟက်တာသို့ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်ကာ အော်ဂဲနစ်ဟင်းသီးဟင်းရွက်စိုက်ပျိုးဧရိယာ(၁၈၅၀၀) ဟက်တာ (စုစုပေါင်း စိုက်ဧက၏ ၁၄ရာခိုင်နှုန်း) မှ တန်ချိန်(၄၇၆၇၀၀) စိုက်ပျိုး ထုတ်လုပ် နိုင်ခဲ့ကြောင်း Federal Statistical Office က ထုတ်ပြန်ခဲ့ပါသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါကာလအတွင်း အွန်လိုင်းဈေးရောင်းဝယ်မှုများသည် New Normal တစ်ခုအနေဖြင့် တိုးတက်လာခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် အွန်လိုင်းမှဝယ်ယူမှုများ ၂၀ ရာခိုင်နှုန်းနီးပါးရောက်ရှိခဲ့ပြီး အီးကောမတ်စ်ကုန်စည်ရောင်းချမှု များသည် ယူရို ၉၉.၁ ဘီလီယံရရှိခဲ့သည်။ လက်လီရောင်းဝယ်မှုကဏ္ဍကို ၂၀၂၂ခုနှစ်တွင် ကိုဗစ် ၁၉ အတွက် 2G rule ကန့်သတ် ချက်ကို ဆက်လက်ထားရှိ၍ စုစုပေါင်းရောင်းရငွေ ယူရို ၆၀၀ ဘီလီယံနှင့် တိုးတက်မှုနှုန်း ၃ ရာခိုင်နှုန်းရရှိရန် ခန့်မှန်းထားရှိပါ သည်။

အီးယူက အဖွဲ့ဝင်နိုင်ငံများ၏ အနိမ့်ဆုံးလုပ်ခလစာ (Minimum wage) ကို အနည်းဆုံး သက်ဆိုင်ရာ အလယ် အလတ်ဝင်ငွေစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းရှိစေရန် ကြိုးပမ်းဆောင်ရွက်လျှက်ရှိရာ အီးယူနိုင်ငံပေါင်း(၂၁) နိုင်ငံတွင် (၁၉)နိုင်ငံက အနိမ့်ဆုံးလုပ်ခလစာသတ်မှတ်ချက် နှုန်းထားများကို မြှင့်တင်ခဲ့ကြပါသည်။ ဂျာမနီနိုင်ငံတွင် အနိမ့်ဆုံးလုပ်ခ လစာမှာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှစ၍ ၁ နာရီလျှင် ယူရို (၉.၈၂) သတ်မှတ်ထားရှိပြီး၊ အဆိုပါသတ်မှတ်မှုသည် နိုင်ငံတွင်း စုစုပေါင်းအချိန်ပြည့်အလုပ်သမားများ အလယ်အလတ်ဝင်ငွေစုစုပေါင်း၏ ၄၈ ရာခိုင်နှုန်းခန့်ရှိပြီး ဆက်လက်၍ ၂၀၂၂ ခုနှစ် ဇူလိုင်လမှစ၍ ၁နာရီလျှင် ယူရို(၁၀.၄၅) သို့လည်းကောင်း၊ အောက်တိုဘာလမှစ၍ ၁နာရီလျှင်(၁၂.၀၀)ယူရိုသို့ လည်းကောင်း သတ်မှတ်ထားရှိမည်ဖြစ်ပါသည်။ ဂျာမနီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် စီးပွားရေး ထိခိုက် ခံစားရမှုများသည် ယခင်မျှော်လင့်ထားသည်ထက်လျော့နည်းပြီး ဖက်ဒရယ်အစိုးရ၏ အစောပိုင်းကာလများမှစ၍ ကဏ္ဍအလိုက်ထောက်ပံ့ဆောင်ရွက်ပေးမှုများကြောင့်ဖြစ်ပြီး ဥရောပကော်မရှင်က ဥရောပနိုင်ငံများ၏ ဂျီဒီပီတိုးတက်မှု နှုန်းများကို ခန့်မှန်းထုတ်ပြန်ရာတွင် ဂျာမနီနိုင်ငံကို ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်များအတွက် ၃.၆ ရာခိုင် နှုန်းနှင့် ၂.၆ ရာခိုင် နှုန်း အသီးသီးခန့်မှန်းထားရှိပါသည်။ ဂျာမနီနိုင်ငံ၏စီးပွားရေးကို ၂၀၂၂ ခုနှစ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက် ရောဂါ မဖြစ်ပွားမီအခြေအနေကို ပြန်လည် ရောက်ရှိနိုင်မည်ဟု ခန့်မှန်းထားရှိနေပါသည်။

**Source:** https://www.destatis.de/EN/Home/_node.html

**https://www.gtai.de/gtai-en/invest**

**https://www.euronews.com/2022/02/23/germany-to-raise-hourly-minimum-wage-to-12-by-october**

**သီတာဝင်းဌေး၊ စီးပွားရေးသံမှူး (မြန်မာသံရုံး-ဘာလင်)**

# STOCK EXCHANGE (28.2.2022)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 28th Feb. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,900 | -200 | -2.47% | 8,000 | 8,000 | 7,900 | 1,414 | 11,284,800 | 33,109,694 | 261,567 |
| MTSH | 00002 | 2,900 | -100 | -3.33% | 2,950 | 2,950 | 2,900 | 2,086 | 6,076,250 | 38,929,150 | 112,895 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 30 | 234,000 | 10,400,986 | 81,128 |
| FPB | 00004 | 19,000 | +0 | +0.00% | 19,000 | 19,000 | 19,000 | 40 | 760,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,800 | +0 | +0.00% | 2,900 | 2,900 | 2,800 | 1,001 | 2,802,900 | 19,977,223 | 55,936 |
| AMATA | 00007 | 4,900 | -300 | -5.77% | 4,900 | 4,900 | 4,900 | 50 | 245,000 | 10,497,598 | 51,438 |


## Market summary

As of 28th Feb. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 369.78 | -7.85 | -2.08% | 373.95 | 373.95 | 369.78 | 4,621 | 21,402,950 | 7 | 643,273 |

### Index chart




## Market Overview

### Main Board

As of 1:00 pm, 28th Feb. 2022

| MYANPIX | 369.78 ▼ 7.85 |
|---|---|
| Total Volume (shares) | 4,621 |
| Total Value (MMK) | 21 mil |
| Listed Company | 7 |
| Market Cap. (MMK) | 643,273 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,900 | ▼ 200 |
| MTSH | 00002 | 2,900 | ▼ 100 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,800 | ▲ 0 |
| AMATA | 00007 | 4,900 | ▼ 300 |